# အတုမဲ့သော ပုလဲ

ဤအကြောင်းအရာကို ရေးသားခဲ့သူမှာ အမည်မသိ စာရေးဆရာတစ်ဦးဖြစ်ပါသည်။ ထို့ကြောင့် ဤအကြောင်းအရာက လေးက အမှန်တကယ် ဖြစ်ခဲ့၊ မဖြစ်ခဲ့ဆိုသည်ကို ကျွန်ုပ်တို့မသိနိုင်ပေ။ သို့ရာတွင် ဤအကြောင်းအရာက တစ်ခါတစ်ရံ နားလည်သဘောပေါက်ရန် ခက်ခဲသည့် အမှန်တရားကို ထင်ရှားစွာ ဖော်ပြသော သာဓက တစ်ခုအဖြစ် ရှိနေဆဲပင်ဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာက အမေရိကန်လူမျိုး ဒေဗစ်မော့စ်သည် အိန္ဒိယနိုင်ငံတွင် နေထိုင်လုပ်ကိုင်နေစဉ် ပုလဲငုပ်သမား ရမ်းဘောဆိုသူနှင့် တွေ့ဆုံခဲ့ပြီး မိတ်ဆွေ ဖြစ်လာခဲ့ကြလေသည်။

မော့စ်သည် ရမ်းဘော၏ သင်္ဘောပေါ်ရှိ အခန်းထဲတွင် သူ့အား ကျမ်းစာဖတ်ပေးခြင်းနှင့် အဓိကအကြောင်းအရာဖြစ်သည့် ဘုရားရှင်၏ မေတ္တာတော်နှင့် ယေရှုခရစ်တော်အားဖြင့် ကယ်တင်ခြင်းအကြောင်းကို ရှင်းပြရင်းဖြင့် ညနေခင်းပေါင်းများစွာကို ကုန်လွန်စေခဲ့ပါသည်။ ရမ်းဘောသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နားထောင်ခြင်း၌ ပျော်မွေ့ပါသည်။ သို့သော် မော့စ်က သူ့အား ခရစ်တော်ကို ကယ်တင်ရှင်အဖြစ် လက်ခံဖို့ တိုက်တွန်းခဲ့သော်လည်း သူကခေါင်းကိုခါရမ်းလျက် "ကောင်းကင်ဘုံကိုသွားဖို့ ခင်ဗျားရဲ့ ခရစ်ယာန်နည်းလမ်းက ကျွန်တော့်အတွက် သိပ်ကို လွယ်ကူလွန်းပါတယ်ဗျာ။ ဒါကို ကျွန်တော် လက်မခံနိုင်ပါဘူး။ ကျွန်တော်က ကောင်းကင်ဘုံကို ဝင်ဖို့ လမ်းကို ဒီနည်းအတိုင်း ရှာဖွေတွေ့ရှိခဲ့ရင် ကောင်းကင်ဘုံမှာ ကျွန်တော်ဟာ သူဆင်းရဲလို ခံစားရပါမယ်။ ကျွန်တော့်မှာ မာနရှိတယ်။ ကျွန်တော်ဟာ ကောင်းကင်နိုင်ငံတော်ကို ကိုယ်တိုင်ကြိုးစား၍ ထိုက်ထိုက်တန်တန်ရောက်ရှိချင်ပါတယ်။ အဲ့ဒီအတွက် ကျွန်တော် အလုပ်လုပ်ကို လုပ်ရမယ်" ဟု ပြန်ပြောခဲ့သဖြင့် မော့စ်တွင် ရမ်းဘော၏ ဆုံးဖြတ်ချက်ကို ပြောင်းလဲစေရန် ပြောရမည့်စကား မရှိတော့ပါ။

ရမ်းဘော၏ ဆုံးဖြတ်ချက်အပေါ် အကျိုးသက်ရောက်မှုရှိရန် မော့စ်က ဘာမျှပြော၍ရမည့်ပုံ မပေါ်ပေ။ နှစ်များစွာ ကျော်လွန်ခဲ့ပါပြီ။

ထို့နောက် တစ်ခုသော ညနေခင်းတွင် သူ၏တံခါးအားလာခေါက်သံကို မော့စ်ကြားရပါသည်။ တံခါးခေါက်သူမှာ ရမ်းဘောပင်ဖြစ်ပါသည်။

'ဝင်ခဲ့ပါချစ်သူငယ်ချင်း' ဟု မော့စ်က ပြောလိုက်ပါသည်။

''မဝင်တော့ဘူး''ဟု ပုလဲငုပ်သမားက ပြောပါသည်။ "ခင်ဗျားကို ကျွန်တော့်အိမ် ခဏလောက် လိုက်လာစေချင်တယ်။ ကျွန်တော့်မှာ ခင်ဗျားကို ပြစရာတစ်ခုရှိတယ်။ ကျေးဇူးပြုပြီး မငြင်းလိုက်ပါနဲ့" "ကောင်းပြီ ဒါဆိုရင် ကျွန်တော်လိုက်ခဲ့မယ်"ဟု မော့စ်က ပြန်ဖြေပါသည်။

သူ၏အခန်းအနီးသို့ ရောက်သွားကြသောအခါ ရမ်းဘောက "လာမယ့်တစ်ပတ်အတွင်း ကျွန်တော်ဟာ ကောင်းကင်ဘုံက ကျွန်တော့်နေရာအတွက် အလုပ်လုပ်တော့မယ်။ ကျွန်တော် ဒေလီမြို့ကို သွားတော့မယ်။ ကျွန်တော် လေးဖက်ထောက်ပြီးတော့ သွားတော့မယ်"

"ဟာ. . . ကြောင်လို့ချည်လား"ဟု မော့စ်က အာမေဋိတ်သံပြုပါသည်။ "ဒေလီမြို့ကို ရောက်ဖို့ မိုင် (၉၀၀)တောင်ဝေးတယ်။ ခင်ဗျားရဲ့ ဒူးခေါင်းတွေ စုတ်ပြဲပြီး ဟိုမရောက်ခင် ခင်ဗျားလည်း သွေးဆိပ်တက်လိမ့်မယ်"။

"မဟုတ်ဘူး။ ကျွန်တော် ဒေလီမြို့ကို သွားကိုသွားရမယ်" ဟု ရမ်းဘောက အခိုင်အမာ ပြောဆိုပြီး "ဒီအတွက် ထာဝရရှင်သန်မှုကို ကျွန်တော် ချီးမြှင့်ခံရမယ်။ ဝေဒနာခံခြင်းဟာ ချိုမြိန်လိမ့်မယ်။ ဒီအတွက်ကြောင့် ကောင်းကင်ဘုံကို ကျွန်တော့်အတွက် ဝယ်လို့ရလိမ့်မယ်"။

သူငယ်ချင်းရမ်းဘော ခင်ဗျားမရနိုင်ဘူး။ ခင်ဗျားကို ဒီလိုလုပ်ဖို့ ကျွန်တော်ဘယ်လိုလုပ်ပြီး ခွင့်ပြုရမလဲ။ သခင်ယေရှု ဝေဒနာ ခံစားခဲ့စဉ်ကတည်းက ခင်ဗျားအတွက် ကောင်းကင်နိုင်ငံဝင်ဖို့ အဖိုးအခ ပေးခဲ့ပြီ မဟုတ်လား?

သို့ရာတွင် အဖိုးကြီးကို လုံးဝပြော၍ ရမည်မဟုတ်ပေ။ "ခင်ဗျားဟာ ကမ္ဘာပေါ်မှာ ကျွန်တော့်ရဲ့ အချစ်ဆုံးသူငယ်ချင်းဘဲ၊ ဒီနှစ်တွေအားလုံးမှာ ကျွန်တော် ဖျားနာချိန်နဲ့ လိုအပ်နေချိန်မှာ ခင်ဗျားဟာ ကျွန်တော့်အနားမှာ ရပ်နေခဲ့တယ်။ တစ်ခါတစ်ရံမှာ ခင်ဗျားဟာ ကျွန်တော့်ရဲ့ တစ်ဦးတည်းသော မိတ်ဆွေဖြစ်ခဲ့တယ်။ ဒါပေမယ့် ခင်ဗျားလည်းဘဲ ကျွန်တော့်ရဲ့ ထာဝရ ချမ်းမြေ့ပျော်ရွှင်မှုကိုဝယ်ဖို့အတွက် လိုအင်ဆန္ဒကို ပြောင်းလဲမပစ်နိုင်ပါဘူး။ ကျွန်တော် ဒေလီကို သွားကိုသွားရမယ်။

အခန်းထဲတွင် မော့စ်သည် သူအိန္ဒိယကိုရောက်ပြီး မကြာခင်က သူ့အတွက် ရမ်းဘောလုပ်ပေးထားသော ခုံကလေးတွင် ထိုင်လေသည်။ ထိုထိုင်ခုံကလေးတွင်ပင် သူသည် အကြိမ်များစွာ သူ၏ သူငယ်ချင်းအတွက် ကျမ်းစာဖတ်ဖူးလေသည်။ ရမ်းဘောသည် အခန်းတွင်းမှ ထွက်သွားပြီး သေးငယ်သော်လည်း လေးလံပြီး တောင့်တင်းသည့် သေတ္တာလေး တစ်လုံးကို ယူလာပါသည်။

"ကျွန်တော့်ဆီမှာ ဒီသေတ္တာလေးဟာ နှစ်ပေါင်းများစွာကတည်းက ရှိနေပါတယ်"ဟု သူကပြောပါသည်။ "ဒီအထဲမှာ ကျွန်တော်ပစ္စည်းတစ်ခုတည်း ထည့်ထားပါသည်။ သူငယ်ချင်း အခုခင်ဗျားကို ကျွန်တော်ဒီအကြောင်း ပြောပြပါမယ်။ ကျွန်တော့်မှာ သား



တစ်ယောက်ရှိခဲ့ပါတယ်။"

''သားတစ်ယောက် ဟုတ်လား၊ ရမ်းဘော ဘာဖြစ်လို့ သူ့အကြောင်းကို ခင်ဗျားတစ်ခါမှ မပြောပြခဲ့တာလဲ"

'ကျွန်တော်မပြောခဲ့ဘူး'

ပုလဲငုပ်သမားသည် စကားပြောနေသော်လည်း သူ၏ မျက်လုံးထဲတွင် မျက်ရည်များ ပြည့်လျှံနေပါသည်။ "အခုခင်ဗျားကို ကျွန်တော်ပြောပြမယ်။ မကြာခင် ကျွန်တော် သွားရတော့မယ်။ ကျွန်တော် ပြန်လာမယ်၊ မလာဘူး ဆိုတာ ဘယ်သူသိနိုင်မှာလဲ? ကျွန်တော့်သားဟာလည်း ရေငုပ်သမားတစ်ယောက်ဖြစ်ပါတယ်။ သူဟာ အိန္ဒိယ ကမ်းရိုးတန်းဒေသမှာ အတော်ဆုံး ရေငုပ်သမားတစ်ယောက်ဖြစ်ပါတယ်။ သူဟာအမြန်ဆုံး ရေငုပ်နိုင်တယ်။ သူ့မှာ စူးရှထက်မြက်ဆုံး မျက်လုံးတွေရှိတယ်။ သန်မာတဲ့ လက်မောင်းလည်းရှိတယ်။ ပုလဲငုပ်သမားတွေထဲမှာ အကြာဆုံး အသက်အောင့်ထားနိုင်သူလည်းဖြစ်တယ်။ သူ ကျွန်တော့်ဆီယူလာတဲ့ဟာ ဘယ်လောက်ပျော်စရာကောင်းလိုက်သလဲ ခင်ဗျားသိတဲ့အတိုင်းဘဲ ပုလဲအများစုဟာ ကျွမ်းကျင်သူသာ သိနိုင်တဲ့ အပြစ်အနာအဆာအချို့ ဒါမှမဟုတ် အမည်းကွက်တွေ ရှိကြတယ်။ ဒါပေမယ့် ကျွန်တော့်သား အမြဲမျှော်လင့်တာက ပြည့်စုံတဲ့ ပုလဲကို ရဖို့ဘဲ ဖြစ်တယ်။ အရင်က ရှာတွေ့ဖူးသမျှ ပုလဲတွေအားလုံးထက် ပိုပြီးကောင်းတဲ့ ပုလဲမျိုးပေါ့ဗျာ။ တစ်နေ့မှာ သူရှာတွေ့ခဲ့ပါတယ်။ ဒါပေမယ့် အဲဒါကို သိမ်းနေတုန်းမှာ သူဟာ ရေထဲမှာ အကြာကြီး နေခဲ့ရတယ်။ နောက်မကြာမီမှာဘဲ သူဟာသေဆုံးသွားခဲ့တယ်။ ဒီပုလဲဟာ သူ့အသက်တမျှ တန်ဖိုးရှိခဲ့ပါတယ်။

ရေငုပ်သမားအဖိုးအိုသည် ခေါင်းကို ငိုက်စိုက်ချလိုက်ပါသည်။ အချိန်အခိုက်အတန့်မျှ သူ့ကိုယ်ခန္ဓာသည် လှုပ်ခါနေပြီး ဘာအသံမျှ မထွက်ချေ။ သူက ဆက်လက်ပြီး "ဒီနှစ်တွေမှာ ကျွန်တော်ဟာ ဒီပုလဲကို သိမ်းထားခဲ့ပါတယ်။ အခုကျွန်တော်သွားတော့မယ်။ ပြန်လာတော့မှာမဟုတ်ဘူး။ ဒါကြောင့် ဒီပုလဲကို ကျွန်တော်ရဲ့ အကောင်းဆုံးမိတ်ဆွေဖြစ်တဲ့ ခင်ဗျားကို ပေးတာပါ။

အဖိုးကြီးသည် ခိုင်ခံသော သေတ္တာအတွင်းမှ သေချာစွာ ထုပ်ပိုးထားသော အထုပ်ကို ဆွဲထုတ်လိုက်ပါသည်။ ထုပ်ပိုးထားသော ဝါဂွမ်းကို ညင်သာစွာ ဆွဲခွာလိုက်ပြီး အေရာမ ပုလဲကြီးကို ယူကာ မော့စ်၏လက်ထဲတွင် ထည့်ထားလိုက်ပါသည်။

ယင်းမှာ အိန္ဒိယကမ်းရိုးတန်းတစ်လျှောက်တွင် ရှာဖွေတွေ့ရှိဖူးသမျှသော ပုလဲများထဲတွင် အကြီးဆုံးဖြစ်ပြီး ပုလဲများထဲတွင် တစ်ခါမျှ မမြင်ဖူးသေးသည့်တောက်ပပြီး အရောင်စိုသည့် ပုလဲပင်ဖြစ်သည်။ ယင်းက မည်သည့် ဈေးကွက်၌မဆို အံ့ဖွယ်ကြီးမားသော ငွေပမာဏကို ရရှိစေနိုင်ပါသည်။

မော့စ်သည် အချိန်အခိုက်အတန့်မျှ အံ့သြခြင်းဖြင့် ငေးမောကြည့်ရင်းမှ မှင်တက်နေမိပါသည်။ ထို့နောက်သူက အမေဋ္ဌိတ်သံဖြင့် "ရမ်းဘော၊ ဘယ်လိုပုလဲမျိုးပါလိမ့်" "သူငယ်ချင်း ဒီပုလဲဟာ သိပ်ကို ပကတိကောင်းမွန်ပြည့်စုံတဲ့ ပုလဲပေါ့"ဟု အိန္ဒိယအမျိုးသားက ညင်ညင်သာသာ ပြန်ဖြေပါသည်။

ထို့နောက် မော့စ်အား အတွေးသစ်တစ်ခုကို ရိုက်ခတ်လာခဲ့ပါသည်။ ဤသည်မှာ သခင်ယေရှု၏ စွန့်လွှတ် အနစ်နာခံခြင်းတန်ဖိုးကို ရမ်းဘော နားလည်ရန် သူဆုတောင်းခဲ့သည့် အခွင့်အရေးကောင်းနှင့် အချိန်အခါလေးပင်ဖြစ်ပါသည်။

သူက "ရမ်းဘော ဒီပုလဲဟာ အံ့သြဖွယ်ရာ ချီးကျူးလောက်စရာကောင်းတဲ့ ပုလဲဖြစ်တယ်။ ကျွန်တော့်ကို ဒီပုလဲ ဝယ်ခွင့်ပေးပါလား။ ကျွန်တော်ခင်ဗျားကိုဒေါ်လာတစ်သောင်းပေးမယ်လေ"

"ဘာပြောတယ်? ခင်ဗျား ဘာကိုဆိုလိုတာလဲ"ဟု ရမ်းဘောက မေးခဲ့ပါသည်။

"ကျွန်တော်ခင်ဗျားကို ဒေါ်လာတစ်သောင်းခွဲ ပေးမယ်ဗျာ။ ဒါမှမဟုတ် ဒီထက်ပိုယူရင်လည်း ပေးမယ်ဗျာ"

ရမ်းဘော၏ တစ်ကိုယ်လုံး မာတောင့်လာခဲ့ပါသည်။ "ဒီပုလဲဟာ တန်ဖိုးသတ်မှတ်လို့မရဘူး။ ဒီကမ္ဘာပေါ်မှာရှိတဲ့ ဘယ်သူကမျှ ပေးဖို့ ပိုက်ဆံမလောက်တဲ့ အထိ ဒီပုလဲဟာ ကျွန်တော့်အတွက် အဖိုးတန်ပါတယ်။ ဈေးကွက်ထဲမှာ ဒေါ်လာတစ်သန်းနဲ့တောင် ဒီပုလဲကို မဝယ်နိုင်ပါဘူး။ ခင်ဗျားကို ကျွန်တော် ရောင်းမှာမဟုတ်ဘူး။ ခင်ဗျားဟာ ဒီဟာကို လက်ဆောင်အနေနဲ့သာ ရနိုင်မယ်"။

"မဟုတ်ဘူးရမ်းဘော၊ ကျွန်တော်ဒါကို လက်မခံနိုင်ဘူး။ ကျွန်တော်ဒီပုလဲကို ဘယ်လောက်ဘဲ လိုချင်လိုချင် ဒီနည်းနဲ့တော့ လက်မခံနိုင်ပါဘူး။ ကျွန်တော့်မှာ မာနရှိတယ်။ ဒါဟာ သိပ်လွယ်လွန်းနေတယ်။ ဒီအတွက် ကျွန်တော် ပေးကိုပေးရမယ်။ ဒါမှမဟုတ် အလုပ်လုပ်ကို လုပ်ရမယ်"

ရေငုပ်သမားအဖိုးအိုသည် ကြက်သေသေသွားပြီး "သူငယ်ချင်း ခင်ဗျားဒါကို နားမလည်သေးဘူးလား? ခင်ဗျားမသိဘူးလား? ကျွန်တော့်တစ်ဦးတည်းသောသားက ဒီပုလဲကိုရဖို့ သူ့အသက်ကို ပေးခဲ့ရပြီး ကျွန်တော်ဟာ ဘယ်လောက်ငွေကြေးနဲ့မှ ဒီပုလဲကို မရောင်းနိုင်ဘူး။ ဒီပုလဲဟာ ကျွန်တော့်သားရဲ့ အသက်သွေးလောက် တန်ဖိုးရှိပါတယ်။ ဒီဟာကို ကျွန်တော်မရောင်းနိုင်ဘူး။ ဒါပေမယ့် ခင်ဗျားကိုတော့ ပေးနိုင်ပါတယ်။ ဒါကို ခင်ဗျားအပေါ်မှာရှိတဲ့ ကျွန်တော့်ရဲ့မေတ္တာ အထိမ်းအမှတ်အဖြစ် လက်ခံပါ"။

မော့စ်သည် ဆို့နင့်သွားခဲ့ပြီး အခိုက်အတန့်မျှ စကားမပြောနိုင်ခဲ့ပေ။ ထို့နောက်သူသည် အဖိုးအို၏လက်ကို ဆုပ်ကိုင်၍ ညစ်လိုက်ပါသည်။

သူက တိုးညှင်းညင်သာသောအသံဖြင့် "ရမ်းဘော ခင်ဗျား မသိဘူးလား? ကျွန်တော့်စကားတွေဟာ ခင်ဗျားတစ်ချိန်လုံးဘုရားကို ပြောခဲ့တဲ့စကားတွေဘဲ"

ရေငုပ်သမားကြီးက မော့စ်၏ မျက်နှာကို အကြာကြီး စူးစိုက်ကြည့်လိုက်ပါသည်။ တဖြည်းဖြည်းနှင့်သူသည် စတင်နားလည်လာပါတော့သည်။

"ဘုရားသခင်ဟာ ခင်ဗျားအတွက် ကယ်တင်ခြင်းကို အလကား လက်ဆောင်အဖြစ်ပေးခဲ့ပါတယ်"ဟု မော့စ်က ပြောပါသည်။ "ဒီလက်ဆောင်ဟာ သိပ်ကြီးမြတ်ပြီး အဖိုးမဖြတ်နိုင်ပါဘူး။ ဒေါ်လာသန်းပေါင်းများစွာဟာ သိပ်ကို သေးငယ်လှပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်လူသားကမျှ ဒီအတွက် လုပ်ယူလို့ မရရှိနိုင်ပါဘူး။ တကယ်လို့သူဟာ ဒီအတွက် အလုပ်လုပ်မယ်ဆိုရင်တောင်မှ နှစ် သန်းပေါင်းများစွာဟာ သူ့အတွက် သိပ်ကို တိုတောင်းလွန်းလှပါတယ်။ ဘယ်သူမှ ဒီအရာကိုရဖို့ မထိုက်တန်ပါဘူး။ ဒီလက်ဆောင်ဟာ ခင်ဗျားအတွက် ကောင်းကင်ဘုံကို ဝင်ခွင့်ရဖို့ ဘုရားသခင်ရဲ့တစ်ပါးတည်းသော သားတော်ရဲ့ အသက်သွေးနဲ့ ပေးဆပ်ထားရတာပါ။ နှစ်သန်းပေါင်းများစွာနဲ့ ရာပေါင်းများစွာသော ဘုရားဖူးခရီးတွေဟာ ခင်ဗျားကို ကောင်းကင်ဘုံဝင်ခွင့်ရအောင် မလုပ်ပေးနိုင်ပါဘူး။ ခင်ဗျားလုပ်နိုင်တဲ့ တစ်ခုတည်းသော အလုပ်ကတော့ ခင်ဗျားလိုအပြစ်သားတစ်ယောက်အတွက် ဘုရားသခင်ရဲ့ မေတ္တာကို လက်ခံတဲ့အနေနဲ့ သူ့ရဲ့ ကယ်တင်ခြင်းကို လက်ခံလိုက်မှသာ ဝင်ခွင့်ရမှာပါ"။

"ရမ်းဘော ခင်ဗျားရဲ့ ပုလဲကို ကျွန်တော် နက်နဲတဲ့ နှိမ့်ချခြင်းနဲ့ လက်ခံပါမယ်။ ကျွန်တော်ဟာ ခင်ဗျားရဲ့ မေတ္တာနဲ့ ထိုက်တန်သူဖြစ်ဖို့ ဘုရားသခင်ဆီမှာ ဆုတောင်းပါမယ်။ ရမ်းဘော ဘုရားသခင်ရဲ့ကြီးမြတ်တဲ့ကောင်းကင်ဘုံလက်ဆောင်ကိုလည်း လေးနက်တဲ့ နှိမ့်ချခြင်းနဲ့တကွ ဒီအရာဟာ သူ့ရဲ့သားတော် အသေခံပြီး ခင်ဗျားအတွက်ပေးဆပ်ထားတယ်ဆိုတာကို သိပြီးတော့ လက်မခံချင်ဘူးလား?"

အဖိုးအို၏ ပါးပြင်၌ မျက်ရည်များ လိမ့်ဆင်းလာပါသည်။ သူ၏နားလည်မှုကိုဖုံးကွယ်ထားသည့် တိမ်ထုလည်း ကင်းစင်သွားခဲ့ပါပြီ။ "အခု ကျွန်တော်သိပြီ။ ဒီကယ်တင်ခြင်းဟာ အလကား လက်ဆောင်ရတယ်ဆိုတာကို ကျွန်တော်မယုံနိုင်ခဲ့ပါဘူး။ အခု ကျွန်တော်နားလည်ပါပြီ။ တစ်ချို့အရာများဟာ ဝယ်ယူဖို့ ဒါမှမဟုတ် လုပ်ယူဖို့ တန်ဖိုးမဖြတ်နိုင်ပါဘူး။ သူငယ်ချင်း၊ ဘုရားရဲ့ ကယ်တင်ခြင်းကို ကျွန်တော်လက်ခံပါတော့မယ်"။

ခရစ်တော်အားဖြင့် ကျွန်ုပ်တို့အတွက် ပြုလုပ်ပေးခဲ့သော အရာအလုံးစုံအား ဖော်ပြခဲ့သော ဘုရားသခင်၏ ကြင်နာခြင်းသည် မည်မျှ ကြွယ်ဝလှပါသနည်း။

ဘုရားသခင်၏ သနားခြင်းကရုဏာတော်ကြောင့် သင်သည် ခရစ်တော်ကို ယုံကြည်ခြင်းဖြင့် ကယ်တင်ခြင်းကို ခံရပါသည်။ ထိုယုံကြည်ခြင်းသည်ပင်လျှင် သင့်ဘာသာသင်ရရှိခြင်းမဟုတ်။ ယင်းသည် ဘုရားသခင်ထံမှ ရသောလက်ဆောင်ပင်ဖြစ်သည်။

ကယ်တင်ခြင်းသည် ကျွန်ုပ်တို့ ပြုလုပ်ခဲ့သော ကောင်းမှုကြောင့် ရရှိခဲ့သည့်ဆုလာဘ်မဟုတ်ပါ။ ထို့ကြောင့် ကျွန်ုပ်တို့ တစ်စုံတစ်ယောက်မျှ ထိုအတွက် ဝါကြွားစရာမရှိ။

မိမိတို့ဖြစ်ကြသည့်အတိုင်း မိမိတို့ကို ဖန်ဆင်းခဲ့ပြီး ယေရှုခရစ်တော်အားဖြင့် ဘဝအသက်တာသစ်များကို ပေးခဲ့သူမှာ ဘုရားရှင်ကိုယ်တော်တိုင်ဖြစ်ပြီး သူတစ်ပါးကို ကူညီမစခြင်းအားဖြင့် ဤဘဝအသက်တာများအား ကုန်လွန်စေရန် လွန်ခဲ့သော ခေတ်ကာလများစွာ ကတည်းကပင်လျှင် ကြံစည်ထားခဲ့ပြီးဖြစ်သည်။